**ခုံသမာဓိအဖွဲ့၏ ဆုံးဖြတ်ချက်**

**{ နည်းဥပဒေ ၁၇(ဃ) }**

**ခုံသမာဓိအဖွဲ့**

**ရန်ကုန်တိုင်းဒေသကြီး**

**ရန်ကုန်မြို့**

**အငြင်းပွားမှုအမှတ်( ၉/၂၀၂၄ )**

| | |
|---|---|
| ဒေါ်ဝင်းမာဦး(အလုပ်သမား)<br>အမှတ်(၂၃)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်။<br>၀၉-၇၉၆၁၃၆၈၇၅ | တောင်းဆိုသူ |

နှင့်

| | |
|---|---|
| Ms. Zhang Ying Yue(အလုပ်ရှင်)<br>ဒေါ်ခင်ညိုသင်း(မန်နေဂျာ)၊<br>(အလုပ်ရှင်၏ ကိုယ်စားလှယ်လွှဲအပ်ခြင်းခံရသူ)<br>W & F Group Co., Ltd (အထည်ချုပ်စက်ရုံ)<br>အမှတ်(၂၅၃)၊ သိမ်ချောင်းလမ်း၊ ဝါးတစ်ရာစက်မှုဇုန်၊<br>ရွှေပြည်သာမြို့နယ်။<br>၀၉-၇၈၁၆၄၇၂၅၄၊ ၀၉-၉၇၄၃၇၈၈၂၄ | တောင်းဆိုခြင်းခံရသူ |

ရက်စွဲ။ ၂၀၂၄ ခုနှစ်၊ မတ်လ ၂၈ ရက်

**ဆုံးဖြတ်ချက်**

၁။ ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ ဝါးတစ်ရာစက်မှုဇုန်၊ သိမ်ချောင်းလမ်း၊ အမှတ်(၂၅၃)ရှိ W & F Group Co., Ltd (အထည်ချုပ်စက်ရုံ)မှ Mr. Zhang Ying Yue(အလုပ်ရှင်) နှင့် ဒေါ်ဝင်းမာဦး(အလုပ်သမား)တို့အကြား ဖြစ်ပွားသောအငြင်းပွားမှုကို ရွှေပြည်သာမြို့နယ် ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့မှ လွှဲအပ်ခဲ့သဖြင့် ကြားနာစစ်ဆေး ဆုံးဖြတ်လိုက်သည်။

၂။ ဤခုံသမာဓိအဖွဲ့မှ တောင်းဆိုသူနှင့် တောင်းဆိုခြင်းခံရသူတို့၏ တောင်းဆိုလွှာ၊ ချေပလွှာနှင့် စစ်ဆေးခံချက်များအပေါ် အခြေခံ၍ အောက်ပါအတိုင်း ကောက်ချက်များ ရေးဆွဲပြီး ဆုံးဖြတ်လိုက်သည်-

ကောက်ချက်။ အလုပ်သမား ဒေါ်ဝင်းမာဦးအား အလုပ်ပြန်လည်ခန့်ထားရန် သင့်/ မသင့်။

**အမှုဖြစ်စဉ်အကျဉ်းချုပ်**

၃။ ယခုအငြင်းပွားမှုသည် W & F Group Co., Ltd (အထည်ချုပ်စက်ရုံ)မှ Ms. Zhang Ying Yue(အလုပ်ရှင်)သည် အလုပ်သမား ဒေါ်ဝင်းမာဦးအား အလုပ်ထုတ်ပယ်လိုက်သဖြင့် အလုပ်သမားမှ အလုပ်ပြန်လည်ဝင်ရောက်လိုသောကြောင့် တောင်းဆိုတိုင်ကြားလာခြင်းအပေါ် အလုပ်ရှင်က အလုပ်ပြန်လည်ခန့်ထားရန် ဆန္ဒမရှိသဖြင့် ရွှေပြည်သာမြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့က(၃)ကြိမ်တိုင်တိုင် ညှိနှိုင်းဖြေရှင်းခဲ့သော်လည်း ပြေလည်မှုမရရှိသဖြင့် ရန်ကုန်တိုင်းဒေသကြီး ခုံသမာဓိအဖွဲ့သို့ ပေးပို့လာသော အငြင်းပွားမှုဖြစ်ပါသည်။

**စစ်ဆေးတွေ့ရှိချက်**

၄။ အလုပ်သမား ဒေါ်ဝင်းမာဦးက ထွက်ဆိုတင်ပြရာတွင် W & F Group Co., Ltd (အထည်ချုပ်စက်ရုံ)ကို (၁၂-၇-၂၀၂၃)ရက်နေ့တွင် နေ့စားသန့်ရှင်းရေး အလုပ်သမားအဖြစ် လစာ ၁၇၀၀၀၀/-ကျပ် ရရှိခဲ့ပါကြောင်း၊ အလုပ်ဝင်ရောက်စဉ်က (၃)လသာ နေ့စားခန့်ပြီး (၃)လကျော်ပြီးလျှင် အမြဲတမ်းဝန်ထမ်းခန့်မည်ဟု ပြောခဲ့ပါကြောင်း၊ သို့သော် ယခုအလုပ်ရပ်စဲသည့်အချိန်ထိ လုပ်သက်(၇)လကျော်အထိ နေ့စားဖြင့်လုပ်ကိုင်ခဲ့ပါကြောင်း၊ လုပ်ခလစာနှင့် (OT) ကြေးကို အပတ်စဉ် ရှင်းပေးပါကြောင်း၊ တစ်ပတ်လျှင် (၅)ရက် (သို့မဟုတ်) (၆)ရက် လုပ်ကိုင်ရပါကြောင်း၊ (EC)စာချုပ်မရှိပါကြောင်း၊ (၂၆-၂-၂၀၂၄)ရက်နေ့တွင် (EC) စာချုပ်နှင့်ပတ်သက်၍ အလုပ်သမားညွှန်ကြားရေးဦးစီးဌာနသို့လည်းကောင်း၊ (OT) ကြေးနှင့် ပိတ်ရက်လုပ်အားခအတွက် အလုပ်ရုံနှင့်အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာနသို့လည်းကောင်း တိုင်ကြားခဲ့ခြင်းအပေါ် (၂၈-၂-၂၀၂၄)ရက်နေ့တွင် စာရေးမ ဒေါ်အိအိဖြိုးက ဖုန်းဖြင့် ရုံးခန်းသို့ လာရောက်ရန် ခေါ်ယူခဲ့ပြီး အလုပ်မှထုတ်ပယ်ကြောင်းပြောခဲ့ပြီး အလုပ်ထုတ်စာပေးခဲ့ပါကြောင်း၊ (၂၉-၂-၂၀၂၄)ရက်နေ့တွင် အလုပ်ပြန်လည်ဝင်ရန် ဖုန်းဖြင့်ပြောကြားသောအခါ (OT) ကြေးနှင့် တိုင်ကြားစာရုတ်သိမ်းပေးလျှင်ပြန်ခန့်မည်ဟု ပြောသည့်အတွက် စက်ရုံသို့ မသွားရောက်ခဲ့ပါကြောင်း၊ အလုပ်ရှင်တင်ပြချက်တွင် ပိတ်စခိုးမှု ပူးပေါင်းပါဝင်ခြင်းသည် မဟုတ်ပါကြောင်း၊ သန့်ရှင်းရေး အမှိုက်ပုံးထဲတွင် ပိတ်စများထည့်ထားပြီး မိမိသွားယူသည့်အခါတွင် ပိတ်စအကြီးပါနေသည်ကို မသိပါကြောင်း၊ သန့်ရှင်းရေးမှ ပိတ်စအကြီး ဖြစ်နေသည့်အတွက် ပိတ်စအကြီးကို စားပွဲပေါ်တင်ပေးခဲ့ကြောင်း၊ အပြင်သို့ယူဆောင်ခြင်းမရှိပါကြောင်း၊ ၎င်းကိစ္စနှင့်ပတ်သက်၍ မည်သူတစ်ဦးတစ်ယောက်ကိုမျှ အရေးယူအပြစ်ပေးခြင်းမရှိပါကြောင်း၊ မိမိသည် လုပ်ငန်းခွင်တွင် ကွမ်းစားပါကြောင်း၊ "ကွမ်းမစားရ" ဟု စက်ရုံကြော်ငြာသင်ပုန်းတွင် ကပ်ထားကြောင်းကိုသိရှိပါကြောင်း၊ သို့သော် ကွမ်းစားခြင်းကို မည်သူမှ

မစားရန် မပြောသည့်အတွက် ကွမ်းစားခြင်းဖြစ်ပါကြောင်း၊ မိမိသည် စက်ရုံစည်းကမ်းအရ ဖြစ်မှု ကျူးလွန်ခြင်းမရှိသည့်အတွက် အလုပ်ပြန်လည်ဝင်ရောက်လိုပါကြောင်း ထွက်ဆိုတင်ပြခဲ့ပါသည်။

၅။ အလုပ်ရှင်ကိုယ်စား ဒေါ်ခင်ညိုသင်း၊ HR Manager မှ ထွက်ဆိုတင်ပြရာတွင် W & F Group Co., Ltd (အထည်ချုပ်စက်ရုံ)ကို (၃၁-၃-၂၀၁၇)ရက်နေ့တွင် ဖွင့်လှစ်ခဲ့ပြီး အလုပ်ရှင်မှာ Ms. Zhang Ying Yue (တရုတ်လူမျိုး)ဖြစ်ပါကြောင်း၊ လူဦးရေမှာ ကျား (၉၃)ဦး၊ မ(၄၁၇)ဦး စုစုပေါင်း (၅၁၀)ဦးရှိပြီး CMP စနစ်ဖြင့် အထည်အမျိုးမျိုး ထုတ်လုပ်သောစက်ရုံဖြစ်ပါကြောင်း၊ စက်ရုံတွင် အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူညီချက် (EC) စာချုပ်ရှိသော်လည်း ဒေါ်ဝင်းမာဦး နှင့် (EC)စာချုပ် ချုပ်ဆိုထားခြင်းမရှိပါကြောင်း၊ ဒေါ်ဝင်းမာဦးအား နေ့စားသန့်ရှင်းရေး အလုပ်သမားအဖြစ် (၁၂-၇-၂၀၂၃)ရက်နေ့တွင် ခန့်အပ်ခဲ့ပြီး အပတ်စဉ်နေ့တွက် ၅၈၀၀/- ကျပ်နှင့် OT ၁၂၀၀/- ကျပ်တို့ဖြင့် ရှင်းပေးခဲ့ပါကြောင်း၊ ၎င်းကို အလုပ်ရပ်စဲခဲ့သည့်အချိန်အထိ နေ့စားအလုပ်သမားဖြစ်ပြီး (၂၈-၂-၂၀၂၄)ရက်နေ့ အလုပ်ရပ်စဲခဲ့သည့်အတွက် လုပ်သက် (၇)လကျော်သာရှိပါကြောင်း၊ အလုပ်သမား ဒေါ်ဝင်းမာဦးအား နေ့စားဖြင့်သာ ခန့်အပ်ခဲ့ပြီး ယခုရပ်စဲသည့်အချိန်ထိ နေ့စားအလုပ်သမားဖြစ်ပြီး အလုပ်မခေါ်သည့်ရက်မရှိပါကြောင်း၊ အလုပ်လုပ်ရက် တစ်ပတ်လျှင် (၅)ရက် (သို့မဟုတ်) (၆)ရက် အလုပ်လုပ်ရပါကြောင်း၊ အစိုးရ ရုံးပိတ်ရက် Gazette Holiday ပါလာလျှင် (၅)ရက်သာ အလုပ်ဆင်းရပြီး ၎င်းနေ့ ညနေတွင် ရှင်းပေးပါကြောင်း၊ (၆) ရက် အလုပ်လုပ်ရသည့်အခါတွင် (၆)ရက်နေ့ ညနေပိုင်းတွင် ရှင်းပေးပါကြောင်း၊ ယခုစက်ရုံတွင် နေ့စားအလုပ်သမား (၂၀)ဦးသာရှိပါကြောင်း၊ အလုပ်သမား ဒေါ်ဝင်းမာဦးအား လုပ်သက်(၇)လအတွင်းတွင် (EC) စာချုပ်ပါစည်းကမ်းချက်များဖြင့် အပြစ်ပေး အရေးယူမှုမရှိပါကြောင်း၊ သတိပေးစာနှင့် Warning လက်မှတ်ထိုးခြင်းလည်းမရှိပါကြောင်း၊ အလုပ်ရှင်မှ အလုပ်သမား ဒေါ်ဝင်းမာဦးအား လုပ်ကိုင်နေစဉ်ကာလအတွင်း ရက်ပျက်ခြင်း၊ ကွမ်းစားခြင်း၊ စကားများခြင်း၊ လုပ်ငန်းလိုအပ်ချိန်တွင် ခေါ်ယူလျှင် လုပ်မပေးနိုင်ဟု စာရေးမ အား ကြမ်းတမ်းစွာပြောဆိုခြင်း၊ ၂၀၂၃ခုနှစ် ၊ စက်တင်ဘာလတွင် အလုပ်သမား ဒေါ်နိုင်နိုင်မော် မှ ပိတ်စယူဆောင်ခြင်းအား (CCTV မှတ်တမ်းအရ) ပူးပေါင်းပါဝင်ခြင်း စသည့်ကိစ္စများအပြင် OT နှင့် ပိတ်ရက်လုပ်အားခကိစ္စ၊ EC စာချုပ်ကိစ္စတို့ကို သက်ဆိုင်ရာဌာနများသို့ တိုင်ကြားခဲ့ခြင်း တို့ကြောင့် အလုပ်ရှင်မှ (၂၈-၂-၂၀၂၄)ရက်နေ့တွင် အလုပ်ရပ်စဲခဲ့ပါကြောင်း၊ (၂၉-၂-၂၀၂၄) ရက်နေ့တွင် အလုပ်ပြန်လည်ဝင်ရောက်လုပ်ကိုင်ရန် ဖုန်းဖြင့်ဆက်သွယ်ခဲ့သော်လည်း ဒေါ်ဝင်းမာဦးမှ စဉ်းစားမည်၊ တိုင်ပင်ရအုံးမည်ဟုဆိုကာ စက်ရုံသို့ လာရောက်ခဲ့ခြင်းမရှိပါကြောင်း၊ ပိတ်စခိုးယူ မှုတွင် ပူးပေါင်းပါဝင်မှုကိစ္စအား ချက်ချင်းအရေးယူမှု မလုပ်ခဲ့ပါကြောင်း၊ အလုပ်ရှင်မှ အလုပ်

သမားလိုအပ်ချက်မရှိတော့သဖြင့် အလုပ်ရပ်နားခဲ့ခြင်းအပေါ် ဥပဒေပါအတိုင်း ရသင့်ရထိုက်သည့် ငွေကြေးအပြင် လျှော်ကြေးအဖြစ် ၅၀၀၀၀/-ကျပ်ကိုပါပေးသွားမည်ဖြစ်ပါကြောင်းနှင့် အလုပ်ပြန်ခန့်ရန် ဆန္ဒမရှိပါကြောင်း ထွက်ဆိုတင်ပြခဲ့ပါသည်။

**သုံးသပ်ချက်**

၆။ W & F Group Co., Ltd (အထည်ချုပ်စက်ရုံ)သည် (၃၁-၃-၂၀၁၇)ရက်နေ့တွင် ဖွင့်လှစ်ခဲ့ပြီး အလုပ်သမားဦးရေ (၅၁၀)ဦးနှင့် နေ့စားအလုပ်သမား (၂၀)ဦးတို့ဖြင့် အထည်အမျိုးမျိုး ထုတ်လုပ်သောစက်ရုံဖြစ်ကြောင်း၊ အလုပ်သမား ဒေါ်ဝင်းမာဦးနှင့် အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူညီချက်စာချုပ် ချုပ်ဆိုထားခြင်းမရှိကြောင်းနှင့် ဒေါ်ဝင်းမာဦးသည် နေ့စားသန့်ရှင်းရေး အလုပ်သမားအဖြစ် (၁၂-၇-၂၀၂၃)ရက်နေ့မှ (၂၈-၂-၂၀၂၄)ရက်နေ့ အလုပ်ရပ်စဲခံခဲ့သည့် အချိန်အထိ (၇)လကျော် တာဝန်ထမ်းဆောင်စဉ် အပြစ်ပေးခံရခြင်းမရှိကြောင်း သုံးသပ်ရရှိပါသည်။

၇။ အလုပ်သမား ဒေါ်ဝင်းမာဦးသည် အလုပ်ရပ်စဲခံခဲ့ရသည့်အချိန်ထိ နေ့စားအလုပ်သမားသာဖြစ်ပါသည်။ အထည်ချုပ်စက်ရုံတွင် " ကွမ်းစားခြင်း "အား အပြစ်ပေးနိုင်သည့် စည်းကမ်းချက်အဖြစ်ဖြင့် ပြဋ္ဌာန်းထားခြင်းအား သန့်ရှင်းရေးဝန်ထမ်းဖြစ်သည့် ဒေါ်ဝင်းမာဦးကိုယ်တိုင် လိုက်နာမှုမရှိဘဲ နေ့စဉ်ကွမ်းစားနေခြင်းမှာ စည်းကမ်းဖောက်ဖျက်မှုဖြစ်ကြောင်း သုံးသပ်ရပါသည်။ ထိုစည်းကမ်းဖောက်ဖျက်ခြင်းအား (EC) စာချုပ် မချုပ်ရသေး၍ စာချုပ်ပါအချက်များနှင့် အကျုံးမဝင်ဟု မှတ်ယူရမည် မဟုတ်ပေ။ စက်ရုံ၏ ဝန်ထမ်းထိန်းသိမ်းမှု အားနည်းခြင်းကြောင့် မိမိထုတ်ပြန်ထားသည့် စည်းကမ်းလိုက်နာမှု မရှိသူများအား အပြစ်ပေးခြင်းမရှိခဲ့ကြောင်း သုံးသပ်ရပါသည်။ အလုပ်သမားအတွက် အလုပ်လုပ်ပိုင်ခွင့်အရေးကြီးသော်လည်း အလုပ်ရှင်နှင့် အလုပ်သမားနှစ်ဖက်ဆက်ဆံရေး မပြေလည်သည့်အခြေအနေတွင် အလုပ်သမားအနေဖြင့် လုပ်ငန်းခွင်ကို ပြန်လည်ဝင်ရောက်လုပ်ကိုင်မည်ဆိုပါက လုပ်ငန်းခွင်ဆက်ဆံမှုအခြေအနေ ကောင်းနိုင်ဖွယ်ရာမရှိကြောင်း ခုံသမာဓိအဖွဲ့က သုံးသပ်ပြီး အောက်ပါအတိုင်း ဆုံးဖြတ်လိုက်သည်။

**ဆုံးဖြတ်ချက်။** နေ့စားသန့်ရှင်းရေးအလုပ်သမားဒေါ်ဝင်းမာဦးအား အလုပ်ပြန်လည်ခန့်အပ်ရန်မလို၊ ဥပဒေနှင့်အညီ နစ်နာကြေးအဖြစ် (နို့တစ်ကြေး တစ်လစာ ၁၃၉၂၀၀ိ/-+ လုပ်သက်အလိုက်အလုပ်ရပ်စဲမှုနစ်နာကြေး လဝက်လစာ ၆၉၆၀၀ိ/-+ လျော်ကြေး ၅၀၀၀၀ိ/- )ပေးရန် ဆုံးဖြတ်သည်။

**ဤဆုံးဖြတ်ချက်သည် အထက်တွင် ဖော်ပြထားသော နေ့ရက်မှစ၍ အာဏာတည်စေရမည်။**

၈။ တောင်းဆိုသူအား ပေးရန်ရှိသော ငွေများကို ဤဆုံးဖြတ်ချက် ချမှတ်သည့်နေ့ရက်မှစ၍ ရက်ပေါင်း(၃၀) အတွင်း ပေးရမည်။

မှတ်ချက်။ (၁) ခုံသမာဓိအဖွဲ့၏ဆုံးဖြတ်ချက်ကို လက်ခံရရှိသည့်နေ့ရက်မှ ခုနစ်ရက် အတွင်း ခုံသမာဓိကောင်စီ၏ အဆုံးအဖြတ်ခံယူရန် အငြင်းပွားသူ တစ်ဖက်ဖက်မှ လျှောက်ထားနိုင်သည်။

(၂) မှတ်ချက် (၁) ပါအတိုင်း ဆောင်ရွက်ခြင်းမပြုလုပ်လျှင် ဆုံးဖြတ်ချက်များကို သတ်မှတ်သည့်နေ့ရက်အတွင်း နှစ်ဖက်စလုံးက လိုက်နာဆောင်ရွက်ရမည်။

| (ဇင်ကေသွယ်) | (လွင်လွင်မြင့်) | (ကျော်ရီဦး) |
|---|---|---|
| အတွင်းရေးမှူး | ဥက္ကဋ္ဌ | အဖွဲ့ဝင် |

| (ကျင်အေး) | (ဒေါက်တာခင်မောင်အေး) | ( လစ်လပ် ) | (မြင့်အောင်) |
|---|---|---|---|
| အဖွဲ့ဝင် | အဖွဲ့ဝင် | အဖွဲ့ဝင် | အဖွဲ့ဝင် |

| (ကျော်ကျော်ညွန့်) | (စောတင်) | ( လစ်လပ် ) | (ငြိမ်းမောင်) |
|---|---|---|---|
| အဖွဲ့ဝင် | အဖွဲ့ဝင် | အဖွဲ့ဝင် | အဖွဲ့ဝင် |